၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မန္တလေးမြို့၊ ငုရွှေဝါလမ်းနေ ဦးတင်ဝင်းနိုင် [၈/ဂဂန (နိုင်) ၀၅၆၀၄၃] အား မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်၊ စစ်နှီးကြိုးဝိုင်း၊ အကွက်အမှတ် (၅၂) အတွင်း ကျွန်းစိုက်ခင်း ဧက ၅၀၀ ကို အောက်ပါဇယား စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင် ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်းတော** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့် ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | စစ်နှီးကြိုးဝိုင်း | ၅၂ | ၁၀၀ | ၂၀၁၃-၂၀၁၄ |
| ၂။ | စစ်နှီးကြိုးဝိုင်း | ၅၂ | ၂၀၀ | ၂၀၁၄-၂၀၁၅ |
| ၃။ | စစ်နှီးကြိုးဝိုင်း | ၅၂ | ၂၀၀ | ၂၀၁၅-၂၀၁၆ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

**ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စင်ကာပူနိုင်ငံမှ Petroleum Exploration (Myanmar Block J) Ltd. နှင့် မြန်မာနိုင်ငံမှ Parami Energy Development Co., Ltd. တို့သည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contarct - PSC) ကို ချုပ်ဆိုကြမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (င) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၄) ခွင့်ပြုချက်ဖြင့် စင်ကာပူနိုင်ငံမှ Petroleum Exploration (Myanmar Block J) Ltd. နှင့် မြန်မာနိုင်ငံမှ Parami Energy Development Co., Ltd. တို့အား အောက်ပါဧယာနယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင် ဆောင်ရွက်သည့် နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**ကုန်းပိုင်းလုပ်ကွက် PSCJ (မော်လမြိုင်ဒေသ)**

| ပွိုင့်အမှတ် | လတ္တီတွဒ် | လောင်ဂျီတွဒ် |
|---|---|---|
| အေ | ၁၇° ၀၀′ ၀၀″ | ၉၇° ၁၅′ ၀၀″ |
| ဘီ | ၁၇° ၀၀′ ၀၀″ | ၉၈° ၀၅′ ၄၃″ |
| စီ | ၁၆° ၄၅′ ၀၀″ | ၉၈° ၁၅′ ၀၀″ |
| ဒီ | ၁၅° ၃၀′ ၀၀″ | ၉၈° ၁၅′ ၀၀″ |
| အီး | ၁၅° ၅၁′ ၁၆″ | ၉၇° ၄၂′ ၁၃″ |
| အက်ဖ် | ၁၆° ၄၁′ ၂၇″ | ၉၇° ၁၅′ ၀၀″ |
| အေ | ၁၇° ၀၀′ ၀၀″ | ၉၇° ၁၅′ ၀၀″ |

၄။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အထက်ပါကုမ္ပဏီသည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

၅။ စွမ်းအင်ဝန်ကြီးဌာနအား အပိုဒ် ၃ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

**ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စင်ကာပူနိုင်ငံမှ Petroleum Exploration (Myanmar Block O) Ltd. နှင့် မြန်မာနိုင်ငံမှ Parami Energy Development Co., Ltd. နှင့် Precious Stone Mining Co., Ltd. တို့သည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contarct - PSC) ကို ချုပ်ဆိုကြမည် ဖြစ်ပါသည်။

၃။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၄) ခွင့်ပြုချက်ဖြင့် စင်ကာပူနိုင်ငံမှ Petroleum Exploration (Myanmar Block O) Ltd.၊ မြန်မာနိုင်ငံမှ Parami Energy Development Co., Ltd. နှင့် Precious Stone Mining Co., Ltd. တို့အား အောက်ပါဇယားနယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**ကုန်းပိုင်းလုပ်ကွက် PSC O (ပုသိမ်ဒေသ)**

| **ပွိုင့်အမှတ်** | **လတ္တီတွဒ်** | **လောင်ဂျီတွဒ်** |
|---|---|---|
| အေ | ၁၇° ၃၀' ၀၀" | ၉၄° ၃၃' ၀၀" |
| ဘီ | ၁၇° ၃၀' ၀၀" | ၉၅° ၃၆' ၁၄" |
| စီ | ၁၆° ၄၀' ၀၀" | ၉၅° ၁၉' ၀၀" |
| ဒီ | ၁၆° ၄၀' ၀၀" | ၉၄° ၂၀' ၅၁" |
| အေ | ၁၇° ၃၀' ၀၀" | ၉၄° ၃၃' ၀၀" |

၄။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အထက်ပါကုမ္ပဏီသည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

၅။ စွမ်းအင်ဝန်ကြီးဌာနအား အပိုဒ် ၃ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

**ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Liberia နိုင်ငံမှ Petronas Carigali Myanmar Inc., နှင့် မြန်မာနိုင်ငံသားပိုင် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် UNOG Pte. Ltd., တို့သည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contarct - PSC) ကို ချုပ်ဆိုကြမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၄) ခွင့်ပြုချက်ဖြင့် Liberia နိုင်ငံမှ Petronas Carigali Myanmar Inc., နှင့် မြန်မာနိုင်ငံသားပိုင် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် UNOG Pte. Ltd., တို့အား အောက်ဖော်ပြပါနယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**ကုန်းပိုင်းလုပ်ကွက် IOR 5 (ထန်းတပင်ဒေသ)**

| ပွိုင့်အမှတ် | လတ္တီတွဒ် | လောင်ဂျီတွဒ် |
|---|---|---|
| အေ | ၁၈° ၃၀' ၀၀" | ၉၅° ၀၈' ၀၀" |
| ဘီ | ၁၈° ၃၀' ၀၀" | ၉၅° ၁၁' ၀၀" |
| စီ | ၁၈° ၂၁' ၀၀" | ၉၅° ၁၂' ၀၀" |
| ဒီ | ၁၈° ၁၇' ၀၀" | ၉၅° ၂၀' ၀၀" |
| အီး | ၁၈° ၁၇' ၀၀" | ၉၅° ၁၂' ၃၅" |
| အက်ဖ် | ၁၈° ၁၅' ၀၀" | ၉၅° ၁၂' ၅၀" |
| ဂျီ | ၁၈° ၁၅' ၀၀" | ၉၅° ၁၀' ၀၀" |
| အေ | ၁၈° ၃၀' ၀၀" | ၉၅° ၀၈' ၀၀" |

၄။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အထက်ပါကုမ္ပဏီသည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

၅။ စွမ်းအင်ဝန်ကြီးဌာနအား အပိုဒ် ၃ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် )

**ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၄) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးသန့်ဇော်ဆွေ |
| (ခ) | မှတ်ပုံတင်အမှတ် | - ၉/ကဆန (နိုင်) ၁၀၁၅၀၈ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - ကက (၃/၃၆)၊ ၅၈ လမ်း၊ ကန်သာယာရပ်၊ မန္တလေးမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၅၃၇ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) ဇက်-၁၄၀၉၄၆ မှ ဇက်-၁၅၀၉၄၆ ထိ<br>(၂) ဇက်-၁၅၀၉၄၆ မှ ဇက်-၁၅၀၉၂၀ ထိ<br>(၃) ဇက်-၁၅၀၉၂၀ မှ ဇက်-၁၄၀၉၂၀ ထိ<br>(၄) ဇက်-၁၄၀၉၂၀ မှ ဇက်-၁၄၀၉၄၆ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = **(၈၅/အိုင်-၁၄)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

ပူးတွဲ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက်ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

**မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ**

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်း တို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သား များအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆ နည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ် ၊ မတ်လ ၂၈ ရက် )

**နိဒါန်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် (၂၀) နှစ်ရှည် စီမံကိန်း၊ ငါးနှစ်ကာလတိုစီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါရှိသည်။ ယင်းဒေသန္တရစီမံကိန်းများ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း ဒေသ၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကို ဆိုသည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကို ဆိုသည်။

(င) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများကို ဆိုသည်။

(စ) **ကဏ္ဍကြီး**ဆိုသည်မှာ ကဏ္ဍများကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်သည့် လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စစ်ကိုင်းတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းများအရ ၉.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) လယ်ယာကဏ္ဍတွင် ၅.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) သားငါးကဏ္ဍတွင် ၁၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) သစ်တောကဏ္ဍတွင် ၂၃.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) စွမ်းအင်ကဏ္ဍတွင် ၀.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂၃.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) စက်မှုလက်မှုကဏ္ဍတွင် ၁၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဈ) ဆောက်လုပ်မှုကဏ္ဍတွင် ၃၀.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ည) ပို့ဆောင်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဋ) ဆက်သွယ်ရေးကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဌ) ငွေရေးကြေးရေးကဏ္ဍတွင် ၂၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဍ) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဎ) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဏ) ကုန်သွယ်မှုကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်း တိုးတက်ရန်။

၅။ ခရိုင်အလိုက် တိုးတက်မှုနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စစ်ကိုင်းခရိုင်တွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) မုံရွာခရိုင်တွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) ယင်းမာပင်ခရိုင်တွင် ၁၀.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) ရွှေဘိုခရိုင်တွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) ကသာခရိုင်တွင် ၁၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) ကလေးခရိုင်တွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) တမူးခရိုင်တွင် ၁၀.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) မော်လိုက်ခရိုင်တွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဈ) ခန္တီးခရိုင်တွင် ၁၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ည) နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၉.၂ ရာခိုင်နှုန်း တိုးတက်ရန်။

**ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့်ကုန်သွယ်မှု ပါဝင်မှု အချိုးအစား ရည်မှန်းချက်**

၆။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပုံမှန်ဈေးနှုန်းအရ စစ်ကိုင်းတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုတန်ဖိုး ပါဝင်မှုအချိုးအစားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း ပြောင်းလဲဖြစ်ပေါ်လာစေရန် ရည်မှန်းပါသည် -

(က) ကုန်ပစ္စည်းထုတ်လုပ်သော ကဏ္ဍများတွင် ၇၁. ၃ ရာခိုင်နှုန်းမှ ၇၂. ၁ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) ဝန်ဆောင်မှုကဏ္ဍများတွင် ၁၀. ၃ ရာခိုင်နှုန်းမှ ၁၀. ၀ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ကုန်သွယ်မှုကဏ္ဍတွင် ၁၈. ၄ ရာခိုင်နှုန်းမှ ၁၇. ၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

၇။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပုံမှန်ဈေးနှုန်းအရ ကဏ္ဍကြီးများအလိုက် ပါဝင်မှု အချိုးအစားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း ပြောင်းလဲဖြစ်ပေါ်လာစေရန် ရည်မှန်းပါသည် -

(က) လယ်ယာကဏ္ဍကြီးတွင် ၄၄. ၈ ရာခိုင်နှုန်းမှ ၄၃. ၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) စက်မှုကဏ္ဍကြီးတွင် ၂၆. ၅ ရာခိုင်နှုန်းမှ ၂၈. ၂ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၂၈. ၇ ရာခိုင်နှုန်းမှ ၂၇. ၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

**လူတစ်ဦးစီ၏ စီးပွားရေးရည်မှန်းချက်**

၈။ နှစ်အလိုက်ဈေးနှုန်းများအရ လူတစ်ဦးစီ၏ (Per Capita GDP) မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၉၆၄,၁၆၄ ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကျပ် ၁,၀၈၀,၄၇၉ ဖြစ်ပေါ်လာရန် ရည်မှန်းပါသည်။

**ရင်းနှီးမြှုပ်နှံမှု အစီအစဉ်**

၉။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်း အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၉၅,၀၄၈. ၄၂၇ သန်း လျာထားပါသည်။

## အခန်း (၃)

## အထွေထွေ

၁၀။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ပူးတွဲ-၁

## စစ်ကိုင်းတိုင်းဒေသကြီး၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍကြီးအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၅၈၇၀၆၁. ၆** | **၄၄. ၈** | **၂၇၈၀၉၀၉. ၂** | **၄၃. ၉** | **၇. ၅** |
| | ၁ | လယ်ယာ | ၂၁၇၉၁၁၄. ၆ | ၃၇. ၇ | ၂၃၀၀၁၈၈. ၂ | ၃၆. ၃ | ၅. ၆ |
| | ၂ | သားငါး | ၃၇၄၄၈၄. ၁ | ၆. ၅ | ၄၃၉၄၅၅. ၃ | ၆. ၉ | ၁၇. ၃ |
| | ၃ | သစ်တော | ၃၃၄၆၂. ၉ | ၀. ၆ | ၄၁၂၆၅. ၇ | ၀. ၇ | ၂၃. ၃ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၅၃၀၀၀၂. ၀** | **၂၆. ၅** | **၁၇၈၁၅၂၇. ၄** | **၂၈. ၂** | **၁၆. ၄** |
| | ၁ | စွမ်းအင် | ၃၅၆၂. ၅ | ၀. ၁ | ၃၅၉၅. ၅ | ၀. ၁ | ၀. ၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁၉၂၃၄. ၇ | ၂. ၁ | ၁၄၇၀၇၃. ၉ | ၂. ၃ | ၂၃. ၃ |
| | ၃ | စက်မှုလက်မှု | ၁၃၁၀၄၁၂. ၈ | ၂၂. ၇ | ၁၅၀၆၆၃၇. ၂ | ၂၃. ၈ | ၁၅. ၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၃၈၄၇. ၃ | ၀. ၄ | ၂၉၁၃၃. ၈ | ၀. ၅ | ၂၂. ၂ |
| | ၅ | ဆောက်လုပ်မှု | ၇၂၉၄၄. ၇ | ၁. ၂ | ၉၅၀၈၇. ၀ | ၁. ၅ | ၃၀. ၄ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၆၅၈၀၁၉. ၂** | **၂၈. ၇** | **၁၇၆၆၅၇၉. ၃** | **၂၇. ၉** | **၆. ၅** |
| | ၁ | ပို့ဆောင်ရေး | ၂၅၁၅၄၂. ၇ | ၄. ၄ | ၂၇၄၅၃၉. ၉ | ၄. ၃ | ၉. ၁ |
| | ၂ | ဆက်သွယ်ရေး | ၁၄၁၁၃၃. ၄ | ၂. ၅ | ၁၄၄၀၈၃. ၆၀ | ၂. ၃ | ၂. ၁ |
| | ၃ | ငွေရေးကြေးရေး | ၂၄၁၆. ၆ | ၀. ၀၄ | ၃၀၂၁. ၇ | ၀. ၀၅ | ၂၅. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၁၆၂၆၇. ၅ | ၂. ၀ | ၁၂၁၀၅၈. ၃ | ၁. ၉ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၈၃၆၇၅. ၉ | ၁. ၄ | ၉၃၇၁၇. ၀ | ၁. ၅ | ၁၂. ၀ |
| | ၆ | ကုန်သွယ်မှု | ၁၀၆၂၉၈၃. ၁ | ၁၈. ၄ | ၁၁၃၀၁၅၈. ၈ | ၁၇. ၉ | ၆. ၃ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၇၇၅၀၈၂. ၈** | **၁၀၀. ၀** | **၆၃၂၉၀၁၅. ၉** | **၁၀၀. ၀** | **၉. ၆** |

ပူးတွဲ-၂

**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၁၁၇၀၆၃. ၆** | **၇၁. ၃** | **၄၅၆၂၄၃၆. ၆** | **၇၂. ၁** | **၁၀. ၈** |
| | ၁ | လယ်ယာ | ၂၁၇၉၁၁၄. ၆ | ၃၇. ၇ | ၂၃၀၀၁၈၈. ၂ | ၃၆. ၃ | ၅. ၆ |
| | ၂ | သားငါး | ၃၇၄၄၈၄. ၁ | ၆. ၅ | ၄၃၉၄၅၅. ၃ | ၆. ၉ | ၁၇. ၃ |
| | ၃ | သစ်တော | ၃၃၄၆၂. ၉ | ၀. ၆ | ၄၁၂၆၅. ၇ | ၀. ၇ | ၂၃. ၃ |
| | ၄ | စွမ်းအင် | ၃၅၆၂. ၅ | ၀. ၁ | ၃၅၉၅. ၅ | ၀. ၁ | ၀. ၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁၉၂၃၄. ၇ | ၂. ၁ | ၁၄၇၀၇၃. ၉ | ၂. ၃ | ၂၃. ၃ |
| | ၆ | စက်မှုလက်မှု | ၁၃၁၀၄၁၂. ၈ | ၂၂. ၇ | ၁၅၀၆၆၃၇. ၂ | ၂၃. ၈ | ၁၅. ၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၃၈၄၇. ၃ | ၀. ၄ | ၂၉၁၃၃. ၈ | ၀. ၅ | ၂၂. ၂ |
| | ၈ | ဆောက်လုပ်မှု | ၇၂၉၄၄. ၇ | ၁. ၂ | ၉၅၀၈၇. ၀ | ၁. ၅ | ၃၀. ၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၅၉၅၀၃၆. ၁** | **၁၀. ၃** | **၆၃၆၄၂၀. ၅** | **၁၀. ၀** | **၇. ၀** |
| | ၁ | ပို့ဆောင်ရေး | ၂၅၁၅၄၂. ၇ | ၄. ၄ | ၂၇၄၅၃၉. ၉ | ၄. ၃ | ၉. ၁ |
| | ၂ | ဆက်သွယ်ရေး | ၁၄၁၁၃၃. ၄ | ၂. ၅ | ၁၄၄၀၈၃. ၆ | ၂. ၃ | ၂. ၁ |
| | ၃ | ငွေရေးကြေးရေး | ၂၄၁၆. ၆ | ၀. ၀၄ | ၃၀၂၁. ၇၀ | ၀. ၀၅ | ၂၅. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၁၆၂၆၇. ၅ | ၂. ၀ | ၁၂၁၀၅၈. ၃ | ၁. ၉ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၈၃၆၇၅. ၉ | ၁. ၄ | ၉၃၇၁၇. ၀ | ၁. ၅ | ၁၂. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၀၆၂၉၈၃. ၁** | **၁၈. ၄** | **၁၁၃၀၁၅၈. ၈** | **၁၇. ၉** | **၆. ၃** |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | **၅၇၇၅၀၈၂. ၈** | **၁၀၀. ၀** | **၆၃၂၉၀၁၅. ၉** | **၁၀၀. ၀** | **၉. ၆** |

ပူးတွဲ-၃

## စစ်ကိုင်းတိုင်းဒေသကြီးနှင့်ခရိုင်များ၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအရ
## အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ခရိုင် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | စစ်ကိုင်းခရိုင် | ၇၅၈၈၃၄. ၅ | ၁၃. ၁ | ၈၃၁၁၀၆. ၀ | ၁၃. ၁ | ၉. ၅ |
| ၂ | မုံရွာခရိုင် | ၁၀၅၄၀၀၁. ၁ | ၁၈. ၃ | ၁၁၄၉၆၀၅. ၇ | ၁၈. ၁ | ၉. ၁ |
| ၃ | ယင်းမာပင်ခရိုင် | ၇၄၅၃၂၀. ၁ | ၁၂. ၉ | ၈၂၁၀၂၈. ၅ | ၁၃. ၀ | ၁၀. ၂ |
| ၄ | ရွှေဘိုခရိုင် | ၁၈၉၉၀၆၆. ၁ | ၃၂. ၉ | ၂၀၆၃၀၂၀. ၄ | ၃၂. ၆ | ၈. ၆ |
| ၅ | ကသာခရိုင် | ၆၂၂၁၃၀. ၉ | ၁၀. ၈ | ၆၉၇၂၄၂. ၃ | ၁၁. ၀ | ၁၂. ၁ |
| ၆ | ကလေးခရိုင် | ၄၀၉၂၅၃. ၄ | ၇. ၁ | ၄၄၅၉၃၆. ၉ | ၇. ၁ | ၉. ၀ |
| ၇ | တမူးခရိုင် | ၆၃၄၀၈. ၃ | ၁. ၁ | ၇၀၀၂၁. ၉ | ၁. ၁ | ၁၀. ၄ |
| ၈ | မော်လိုက်ခရိုင် | ၁၀၃၁၀၉. ၂ | ၁. ၈ | ၁၁၀၆၆၀. ၀ | ၁. ၈ | ၇. ၃ |
| ၉ | ခန္တီးခရိုင် | ၉၄၈၄၉. ၂ | ၁. ၆ | ၁၁၂၉၈၂. ၂ | ၁. ၈ | ၁၉. ၁ |
| ၁၀ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၂၅၁၁၀. ၀ | ၀. ၄ | ၂၇၄၁၂. ၀ | ၀. ၄ | ၉. ၂ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | **၅၇၇၅၀၈၂. ၈** | **၁၀၀. ၀** | **၆၃၂၉၀၁၅. ၉** | **၁၀၀. ၀** | **၉. ၆** |

ပူးတွဲ-၄

**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၈၉၇၈၁၄. ၈** | **၄၄. ၈** | **၃၁၆၁၃၇၄. ၆** | **၄၃. ၈** | **၉. ၁** |
| | ၁ | လယ်ယာ | ၂၄၄၉၇၈၅. ၉ | ၃၇. ၈ | ၂၆၂၃၀၂၇. ၈ | ၃၆. ၃ | ၇. ၁ |
| | ၂ | သားငါး | ၄၁၁၈၀၉. ၈ | ၆. ၄ | ၄၉၆၀၉၈. ၃ | ၆. ၉ | ၂၀. ၅ |
| | ၃ | သစ်တော | ၃၆၂၁၉. ၁ | ၀. ၆ | ၄၂၂၄၈. ၅ | ၀. ၆ | ၁၆. ၆ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၇၈၀၄၇၃. ၇** | **၂၇. ၅** | **၂၀၈၇၃၉၂. ၂** | **၂၈. ၈** | **၁၇. ၂** |
| | ၁ | စွမ်းအင် | ၃၈၄၀. ၇ | ၀. ၁ | ၃၈၆၁. ၅ | ၀. ၀၅ | ၀. ၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၀၇၅၃၈. ၄ | ၃. ၂ | ၂၄၇၉၅၄. ၀ | ၃. ၄ | ၁၉. ၅ |
| | ၃ | စက်မှုလက်မှု | ၁၄၅၆၄၈၃. ၂ | ၂၂. ၅ | ၁၆၇၁၉၀၁. ၇ | ၂၃. ၁ | ၁၄. ၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၃၃၀၉၈. ၂ | ၀. ၅ | ၄၇၆၆၀. ၈ | ၀. ၇ | ၄၄. ၀ |
| | ၅ | ဆောက်လုပ်မှု | ၇၉၅၁၃. ၂ | ၁. ၂ | ၁၁၆၀၁၄. ၂ | ၁. ၆ | ၄၅. ၉ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၇၉၂၂၁၃. ၅** | **၂၇. ၇** | **၁၉၈၃၄၈၈. ၉** | **၂၇. ၄** | **၁၀. ၇** |
| | ၁ | ပို့ဆောင်ရေး | ၂၇၁၂၀၉. ၂ | ၄. ၂ | ၂၉၈၉၅၅. ၅ | ၄. ၁ | ၁၀. ၂ |
| | ၂ | ဆက်သွယ်ရေး | ၄၇၄၃၂. ၁ | ၀. ၇ | ၃၉၀၃၅. ၅ | ၀. ၅ | -၁၇. ၇ |
| | ၃ | ငွေရေးကြေးရေး | ၁၈၇၂. ၆ | ၀. ၀၃ | ၂၃၄၁. ၄၀ | ၀. ၀၃ | ၂၅. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၇၇၅၃. ၈ | ၂. ၁ | ၁၅၉၄၈၂. ၁ | ၂. ၂ | ၁၅. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၃၄၆၆. ၀ | ၁. ၅ | ၁၁၃၀၂၂. ၇ | ၁. ၆ | ၂၀. ၉ |
| | ၆ | ကုန်သွယ်မှု | ၁၂၄၀၄၇၉. ၈ | ၁၉. ၂ | ၁၃၇၀၆၅၁. ၇ | ၁၉. ၀ | ၁၀. ၅ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆၄၇၀၅၀၂. ၀** | **၁၀၀. ၀** | **၇၂၃၂၂၅၅. ၇** | **၁၀၀. ၀** | **၁၁. ၈** |

ပူးတွဲ-၅

**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၆၇၈၂၈၈. ၅** | **၇၂. ၃** | **၅၂၄၈၇၆၆. ၈** | **၇၂. ၆** | **၁၂. ၂** |
| | ၁ | လယ်ယာ | ၂၄၄၉၇၈၅. ၉ | ၃၇. ၈ | ၂၆၂၃၀၂၇. ၈ | ၃၆. ၃ | ၇. ၁ |
| | ၂ | သားငါး | ၄၁၁၈၀၉. ၈ | ၆. ၄ | ၄၉၆၀၉၈. ၃ | ၆. ၉ | ၂၀. ၅ |
| | ၃ | သစ်တော | ၃၆၂၁၉. ၁ | ၀. ၆ | ၄၂၂၄၈. ၅ | ၀. ၆ | ၁၆. ၆ |
| | ၄ | စွမ်းအင် | ၃၈၄၀. ၇ | ၀. ၁ | ၃၈၆၁. ၅ | ၀. ၀၅ | ၀. ၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၀၇၅၃၈. ၄ | ၃. ၂ | ၂၄၇၉၅၄. ၀ | ၃. ၄ | ၁၉. ၅ |
| | ၆ | စက်မှုလက်မှု | ၁၄၅၆၄၈၃. ၂ | ၂၂. ၅ | ၁၆၇၁၉၀၁. ၇ | ၂၃. ၁ | ၁၄. ၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃၃၀၉၈. ၂ | ၀. ၅ | ၄၇၆၆၀. ၈ | ၀. ၇ | ၄၄. ၀ |
| | ၈ | ဆောက်လုပ်မှု | ၇၉၅၁၃. ၂ | ၁. ၂ | ၁၁၆၀၁၄. ၂ | ၁. ၆ | ၄၅. ၉ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၅၅၁၇၃၃. ၇** | **၈. ၅** | **၆၁၂၈၃၇. ၂** | **၈. ၄** | **၁၁. ၁** |
| | ၁ | ပို့ဆောင်ရေး | ၂၇၁၂၀၉. ၂ | ၄. ၂ | ၂၉၈၉၅၅. ၅ | ၄. ၁ | ၁၀. ၂ |
| | ၂ | ဆက်သွယ်ရေး | ၄၇၄၃၂. ၁ | ၀. ၇ | ၃၉၀၃၅. ၅ | ၀. ၅ | -၁၇. ၇ |
| | ၃ | ငွေရေးကြေးရေး | ၁၈၇၂. ၆ | ၀. ၀၃ | ၂၃၄၁. ၄၀ | ၀. ၀၃ | ၂၅. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၇၇၅၃. ၈ | ၂. ၁ | ၁၅၉၄၈၂. ၁ | ၂. ၂ | ၁၅. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၃၄၆၆. ၀ | ၁. ၅ | ၁၁၃၀၂၂. ၇ | ၁. ၆ | ၂၀. ၉ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၂၄၀၄၇၉. ၈** | **၁၉. ၂** | **၁၃၇၀၆၅၁. ၇** | **၁၉. ၀** | **၁၀. ၅** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆၄၇၀၅၀၂. ၀** | **၁၀၀. ၀** | **၇၂၃၂၂၅၅. ၇** | **၁၀၀. ၀** | **၁၁. ၈** |

ပူးတွဲ-၆

## စစ်ကိုင်းတိုင်းဒေသကြီးနှင့်ခရိုင်များ၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအရ
## အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ခရိုင် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | စစ်ကိုင်းခရိုင် | ၈၃၉၁၀၈.၄ | ၁၃.၀ | ၉၄၃၁၆၆.၀ | ၁၃.၀ | ၁၂.၄ |
| ၂ | မုံရွာခရိုင် | ၈၄၈၅၂၄.၈ | ၁၃.၁ | ၉၄၃၃၅၈.၉ | ၁၃.၁ | ၁၁.၂ |
| ၃ | ယင်းမာပင်ခရိုင် | ၁၁၇၇၁၀၆.၂ | ၁၈.၂ | ၁၃၂၆၁၉၆.၆ | ၁၈.၃ | ၁၂.၇ |
| ၄ | ရွှေဘိုခရိုင် | ၂၁၅၄၅၃၁.၁ | ၃၃.၃ | ၂၃၅၃၂၉၄.၆ | ၃၂.၅ | ၉.၂ |
| ၅ | ကသာခရိုင် | ၆၈၃၂၄၁.၉ | ၁၀.၆ | ၇၈၉၂၃၀.၄ | ၁၀.၉ | ၁၅.၅ |
| ၆ | ကလေးခရိုင် | ၄၄၈၁၇၉.၆ | ၆.၉ | ၅၀၅၉၉၄.၅ | ၇.၀ | ၁၂.၉ |
| ၇ | တမူးခရိုင် | ၇၁၁၅၁.၁ | ၁.၁ | ၇၈၄၉၄.၂ | ၁.၁ | ၁၀.၃ |
| ၈ | မော်လိုက်ခရိုင် | ၁၁၃၆၆၉.၆ | ၁.၈ | ၁၂၇၅၀၉.၆ | ၁.၈ | ၁၂.၂ |
| ၉ | ခန္တီးခရိုင် | ၁၀၆၆၈၁.၀ | ၁.၆ | ၁၃၂၀၀၁.၇ | ၁.၈ | ၂၃.၇ |
| ၁၀ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၂၈၃၀၈.၃ | ၀.၄ | ၃၃၀၀၉.၂ | ၀.၅ | ၁၆.၆ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | **၆၄၇၀၅၀၂.၀** | **၁၀၀.၀** | **၇၂၃၂၂၅၅.၇** | **၁၀၀.၀** | **၁၁.၈** |

# ၂၀၁၄ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
# ( ၂၀၁၄ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက် )

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင် ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင်

ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက် နိုင်သည်။

၅။ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)
### ရငွေနှင့်သုံးငွေများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်း ရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်အပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။ သို့ရာတွင် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များ၏ လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုသော ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပေးပါမည်။

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ကရင်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၉။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရန် သတ်မှတ်ထားသည့်ငွေကို ထည့်ဝင်စေရမည်။

## အခန်း (၃)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၀။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ယင်းသို့ ပြောင်းလဲပေးနိုင်ရေးအတွက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဇော်မင်း၊
ဝန်ကြီးချုပ်၊
ကရင်ပြည်နယ်အစိုးရအဖွဲ့။

ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ | အခြားသောမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၂၇၀၀. ၀၀၀ | | | |
| ၂ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၄. ၃၈၄ | | | | | | |
| ၃ | ဥပဒေရုံးများ | ပြည်နယ် ဥပဒေချုပ် သို့မဟုတ် ပြည်နယ် ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၀၂၀ | | | | | | |
| ၄ | စာရင်းရုံးများ | ပြည်နယ် စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၆၆ | | | | | | |
| | ပေါင်း | | | | ၁၄. ၄၈၀ | | | ၂၇၀၀. ၀၀၀ | | | |

ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၁၅. ၂၅၆ | | ၇၀၀. ၀၀၀ | ၁၀၇၀၂. ၂၆၁ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ၎င်း | ၁၁၅. ၂၇၈ | | | ၂. ၀၀၀ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၂. ၂၄၀ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ် ဥပဒေချုပ် သို့မဟုတ် ပြည်နယ် ဥပဒေချုပ်က တာဝန်ပေးသူ | ၁၇၉. ၀၅၀ | | | ၁၄၇. ၆၀၀ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ် စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃၂၈. ၆၉၄ | | | ၆၄. ၉၈၀ | | | |
| | ပေါင်း | | ၁၆၉၀. ၅၁၈ | | ၇၀၀. ၀၀၀ | ၁၀၅၁၆. ၈၄၁ | | | |

ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)-အစ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၈၆. ၃၃၇ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၈၆. ၃၃၇ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၇၂၉. ၃၇၉ | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၃၇၉. ၄၄၂ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀. ၀၄၅ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၂၉၇. ၂၂၂ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၁၇. ၆၇၀ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၃၅. ၀၀၀ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | ၁၂၇. ၉၇၄ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၁၉. ၉၇၁ | | | | | | | | |
| | ၂ | ဘီးခွန် | | ၈. ၀၀၃ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၅၄၂. ၁၆၀ | | | | | | | |

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)-အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၂. ၉၅၇ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၂၂. ၇၈၄ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၄၃ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀. ၁၃၀ | | | | | | |
| ၆ | | သမဝါယမ | ၎င်း | | | ၀. ၅၂၄ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀. ၃၁၄ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀. ၂၁၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၁၉. ၂၄၆ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၁၁. ၀၃၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၈. ၂၁၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၀၀၆ | | | | | | |
| ၈ | | မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | | | ၉. ၅၃၃ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၉. ၀၀၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀. ၅၃၃ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၈. ၇၁၂ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၈. ၇၁၂ | | | | | | |
| ၁၀ | | အားကစား | ၎င်း | | | ၀. ၀၃၅ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၀. ၀၃၅ | | | | | | |
| ၁၁ | | ဘဏ္ဍာရေး | ၎င်း | | | | | | ၆၀၅၀၁. ၅၅၃ | | ၄၆၁၆. ၇၁၇ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၆၀၅၀၁. ၅၅၃ | | ၄၆၁၆. ၇၁၇ | |

ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)-အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | ၀. ၀၁၅ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀. ၀၁၅ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၁၃. ၃၃၀ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၆၃၀ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၁၂. ၇၀၀ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၁၇၈၀. ၀၈၆ | | | | | | |
| | | ပေါင်း | | ၁၀၄၃. ၆၉၀ | ၅၄၂. ၁၆၀ | ၁၈၅၄. ၄၃၈ | | | ၆၀၅၀၁. ၅၅၃ | | ၄၆၁၆. ၇၁၇ | |

ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)-အစ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၃၁၁၇. ၃၆၄ | | ၂၀. ၀၀၀ | ၁၄၆၄. ၈၈၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က | ၂၇၉၉. ၇၀၃ | | ၂၀. ၀၀၀ | ၈၂၂. ၄၄၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တာဝန်ပေးသူ | ၉၃. ၉၆၅ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂၂၃. ၆၉၆ | | | ၆၄၂. ၄၄၀ | | | |
| ၂ | | သမဝါယမ | ၎င်း | ၂၀၂. ၇၃၀ | | | ၄၇. ၀၀၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၉၇. ၄၄၄ | | | ၂၅. ၀၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၅. ၂၈၆ | | | ၂၂. ၀၀၀ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၅၆၄. ၅၀၆ | | | ၁၃၅၇. ၁၃၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁၇၁. ၆၆၉ | | | ၈၂၈. ၃၀၀ | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၃၁၅. ၁၈၄ | | | ၄၄၀. ၀၀၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၇၇. ၆၅၃ | | | ၈၉. ၂၃၀ | | | |
| ၄ | | မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၁၉၃. ၂၈၂ | | | ၁၁၇၄. ၅၅၈ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၆၄. ၃၈၁ | | | ၁၃၉. ၄၈၈ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၂၈. ၉၀၁ | | | ၁၀၃၅. ၀၇၀ | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၅၅၆. ၉၅၃ | | | ၂၄. ၅၉၇ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၅၅၆. ၉၅၃ | | | ၂၄. ၅၉၇ | | | |
| ၆ | | အားကစား | ၎င်း | ၉၃. ၆၀၆ | | | ၁၂၂၀. ၉၆၆ | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၉၃. ၆၀၆ | | | ၁၂၂၀. ၉၆၆ | | | |
| ၇ | | ဘဏ္ဍာရေး | ၎င်း | ၅၄. ၄၄၃ | | | ၁၂၀. ၇၅၈ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၅၄. ၄၄၃ | | | ၁၂၀. ၇၅၈ | | | |

ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)-အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၈ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၄၃. ၆၃၁ | | | ၄၆. ၂၀၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၄၃. ၆၃၁ | | | ၄၆. ၂၀၀ | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၁၄၀၆၄. ၀၇၀ | | | ၂၅၆၂၀. ၆၅၆ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၅၀. ၈၉၃ | | | ၆၂၉. ၆၇၀ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၁၃၉၁၃. ၁၇၇ | | | ၂၄၉၉၀. ၉၈၆ | | | |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၎င်း | ၈. ၂၂၁ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၈. ၂၂၁ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၈၁၉. ၉၇၇ | | | ၅၇၀၄. ၈၀၀ | | | |
| | | ပေါင်း | | ၂၀၈၂၈. ၇၈၃ | | ၂၀. ၀၀၀ | ၃၆၇၈၃. ၈၄၅ | | | |

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၉. ၅၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၉. ၅၀၀ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၎င်း | | | ၂၆၁၈၉. ၀၃၃ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၂၆၁၈၉. ၀၃၃ | | | | | | |
| | | ပေါင်း | | | | ၂၆၂၀၈. ၅၃၃ | | | | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၇. ၄၈၉ | | | ၁. ၅၀၀ | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇. ၄၈၉ | | | ၁. ၅၀၀ | | | |
| ၂ | | လျှပ်စစ်စွမ်းအား | ၄င်း | | | | ၁၂၀၂. ၈၁၃ | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ပြည်နယ်အဆင့်ဆောင်ရွက်ရမည့်တိုးချဲ့လုပ်ငန်းများ) | | | | | ၁၂၀၂. ၈၁၃ | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | ၂၅၅၁၉. ၈၅၆ | | | ၁၉၉. ၉၂၆ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၂၅၅၁၉. ၈၅၆ | | | ၁၉၉. ၉၂၆ | | | |
| | | ပေါင်း | | ၂၅၅၃၇. ၃၄၅ | | | ၁၄၀၄. ၂၃၉ | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်

# ရခိုင်ပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ

## (၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် - ၁ ။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက်)

## နိဒါန်း

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း ဆားနှင့် ဆားထွက် ပစ္စည်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရခိုင်ပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရခိုင်ပြည်နယ်ကို ဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်၊

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်နယ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဌာနကို ဆိုသည်၊

(င) **ပြည်နယ်မန်နေဂျာ**ဆိုသည်မှာ ပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း မန်နေဂျာကို ဆိုသည်၊

(စ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်မှုကို စစ်ဆေးခြင်းပြုလုပ်ရန် ဝန်ကြီးက တာဝန်ပေးအပ်သော ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းမှဝန်ထမ်းများဖြင့်လည်းကောင်း၊ အခြားသင့်လျော်သည့် ဌာနများမှ ဝန်ထမ်းများဖြင့်လည်းကောင်း၊ ပြင်ပကျွမ်းကျင်သူများဖြင့် လည်းကောင်း ဖွဲ့စည်းသည့် အဖွဲ့ကို ဆိုသည်၊

(ဆ) **ဆား**ဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊ စမ်း၊ ကန်၊ တွင်းရေနှင့်သဲမြေ တို့ကို အသုံးပြုပြီး ထုတ်ယူရရှိသော ဆိုဒီယမ်ကလိုရိုဒ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝ အလျောက်မြေပေါ် မြေအောက်တွင် ဖြစ်ပေါ်တည်ရှိနေသော ဆိုဒီယမ်ကလိုရိုဒ်လည်း ပါဝင်သည်၊

(ဇ) **ဆားထွက်ပစ္စည်း**ဆိုသည်မှာ အပိုဓာတ်ဆားကို ဆိုသည်။ ဆားကို အခြားဓာတုပစ္စည်းများနှင့် ပေါင်းစပ်၍ ထုတ်ယူရရှိသော ဓာတ်ဆားအမျိုးအမျိုးကိုလည်းကောင်း၊ ထုတ်ယူပြီးကျန်ရှိသည့် ကြွက်တက်ရည်မှ ထုတ်ယူရရှိသော ဓာတ်ဆားအမျိုးအမျိုးကိုလည်းကောင်း၊ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊ စမ်း၊ ကန်၊ တွင်းရေနှင့် သဲမြေတို့မှ ထုတ်ယူရရှိသော ဆိုဒီယမ်နှင့် ပိုတက်စီယမ်ဓာတ်ဆား အမျိုးအမျိုးကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ရေမှော်အမျိုးမျိုးမှ ထုတ်ယူရရှိသော ဓာတုပစ္စည်းအမျိုးမျိုးလည်း ပါဝင်သည်၊

(ဈ) **ဆားနယ်မြေ**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၏ အမိန့်ကြေညာစာဖြင့် သတ်မှတ်ထားသည့် ဆားနှင့် ဆားထွက်ပစ္စည်းများ ထုတ်လုပ်နိုင်သော နယ်မြေဒေသကို ဆိုသည်၊

(ည) **လိုင်စင်**ဆိုသည်မှာ ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း တစ်ရပ်ရပ်လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရ လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကိုဆိုသည်၊

(ဋ) **ဆားထုတ်လုပ်ခြင်း**ဆိုသည်မှာ ဆားနှင့် ဆားထွက်ပစ္စည်းများကို သဘာဝအားဖြင့်လည်းကောင်း၊ နေလှန်းခြင်းဖြင့်လည်းကောင်း၊ ထင်း သို့မဟုတ် မီးသွေးဖြင့် ထုတ်လုပ်သည့်နည်းမှအပ အခြား တစ်နည်းနည်းဖြင့်လည်းကောင်း ထုတ်လုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆားကြိတ်ခွဲ သန့်စင်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆားထုတ်လုပ်မှုပမာဏတစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာစေရန်၊

(ခ) ဆားနှင့်ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဆားထုတ်လုပ်နိုင်သည့် နယ်မြေ ဒေသများကို တိုးချဲ့သတ်မှတ်ပေးရန်၊

(ဂ) ဆားနှင့်ဆားထွက်ပစ္စည်း ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ပြည်တွင်း စားသုံးမှုဖူလုံရေး၊ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ပုဂ္ဂလိကဆားထုတ်လုပ်မှု တိုးတက်စေရေးအတွက် ပံ့ပိုးကူညီရန်၊

(ဃ) ဆားနှင့်ဆားထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန်၊

(င) ဆားနှင့် ဆားထွက်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးတွင် အစုစပ်လုပ်ငန်းများ ပေါ်ထွက်လာရေးအတွက် အားပေးကူညီဆောင်ရွက်ရန်၊

(စ) သုတေသနပြုလုပ်ရာမှရရှိသော ဆားပိုမိုထုတ်လုပ်နိုင်သည့်နည်းလမ်းနှင့်ဆားထွက်ပစ္စည်း ထုတ်လုပ် နိုင်သည့် နည်းပညာရပ်များကို ဆားထုတ်လုပ်သည့် ဆားလုပ်ငန်းရှင်များသို့ ဖြန့်ဖြူးပညာပေးရန်။

## အခန်း (၃)

## လိုင်စင်လျှောက်ထားခြင်း

၄။ ဆားနှင့်ဆားထွက်ပစ္စည်းကို စီးပွားဖြစ် ထုတ်လုပ်လိုသူသည် ပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်း လုပ်ငန်းက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၅။ လိုင်စင်လျှောက်ထားလာသည့်အခါ ပြည်နယ်မန်နေဂျာသည် -

(က) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိ မရှိ စစ်ဆေးစေရန် စစ်ဆေးရေးအဖွဲ့အား တာဝန်ပေးရမည်၊

(ခ) သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ညီညွတ်မှုရှိပါက ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဆားနှင့် ဆားထွက်ပစ္စည်း လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ထုတ်ပေးရမည်။

၆။ လိုင်စင်သက်တမ်းသည် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် အတိုင်းဖြစ်သည်။

## အခန်း (၄)

## လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၇။ လိုင်စင်ရရှိသူသည် အောက်ပါအခွန်အခများကို ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် နည်းလမ်း အတိုင်း ပေးဆောင်ရမည် -

(က) လိုင်စင်ခ၊

(ခ) လိုင်စင်အသစ်လဲလှယ်ကြေး၊

(ဂ) ရက်လွန်ကြေး။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်<br>( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**[ ယခင်အပတ်မှအဆက် ]**

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနခွဲ)**

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

အမှတ် ၁၇၀/၂၀၁၄ ။ ။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၂၀၆) | စစ်ဦး | ကြည်း | ၆၈၂၇၁ |
| (၂၀၇) | သန့်စင် | ကြည်း | ၆၈၂၇၂ |
| (၂၀၈) | အာကာဝင်းသိန်း | ကြည်း | ၆၈၂၇၃ |
| (၂၀၉) | အောင်ပိုင်ဟိန်း | ကြည်း | ၆၈၂၇၄ |
| (၂၁၀) | အောင်ထွန်း | ကြည်း | ၆၈၂၇၅ |
| (၂၁၁) | သော်ဇင်အောင် | ကြည်း | ၆၈၂၇၆ |
| (၂၁၂) | မင်းဟိန်း | ကြည်း | ၆၈၂၇၇ |
| (၂၁၃) | ရဲသူအောင် | ကြည်း | ၆၈၂၇၈ |
| (၂၁၄) | ကျော်ရဲမြင့် | ကြည်း | ၆၈၂၇၉ |
| (၂၁၅) | အောင်ရဲထက် | ကြည်း | ၆၈၂၈၀ |
| (၂၁၆) | ဇော်ထိုက်အောင် | ကြည်း | ၆၈၂၈၁ |
| (၂၁၇) | ကျော်ခန့် | ကြည်း | ၆၈၂၈၂ |
| (၂၁၈) | ဝေဖြိုးဦး | ကြည်း | ၆၈၂၈၃ |
| (၂၁၉) | နေလင်းမြင့် | ကြည်း | ၆၈၂၈၄ |
| (၂၂၀) | ဇင်သူရလွင် | ကြည်း | ၆၈၂၈၅ |
| (၂၂၁) | မြင့်သူရ | ကြည်း | ၆၈၂၈၆ |
| (၂၂၂) | ဖြိုးဝေချစ် | ကြည်း | ၆၈၂၈၇ |
| (၂၂၃) | တင်ထွန်းနိုင် | ကြည်း | ၆၈၂၈၈ |
| (၂၂၄) | သီဟန် | ကြည်း | ၆၈၂၈၉ |
| (၂၂၅) | ဟိန်းထက်နိုင် | ကြည်း | ၆၈၂၉၀ |
| (၂၂၆) | သန့်ဇင်ထွေး | ကြည်း | ၆၈၂၉၁ |

| | | | |
|---|---|---|---|
| (၂၂၇) | ရှိုင်းမိုးနိုင် | ကြည်း | ၆၈၂၉၂ |
| (၂၂၈) | ကောင်းထက်အောင် | ကြည်း | ၆၈၂၉၃ |
| (၂၂၉) | ဇော်သူဝင်း | ကြည်း | ၆၈၂၉၄ |
| (၂၃၀) | ထက်စံအောင် | ကြည်း | ၆၈၂၉၅ |
| (၂၃၁) | ဖြိုးမြင့်နိုင် | ကြည်း | ၆၈၂၉၆ |
| (၂၃၂) | ချမ်းမြေ့ကျော် | ကြည်း | ၆၈၂၉၇ |
| (၂၃၃) | နေလင်းထက် | ကြည်း | ၆၈၂၉၈ |
| (၂၃၄) | အာကာမင်း | ကြည်း | ၆၈၂၉၉ |
| (၂၃၅) | အာကာဦး | ကြည်း | ၆၈၃၀၀ |
| (၂၃၆) | ဇေသူလွင် | ကြည်း | ၆၈၃၀၁ |
| (၂၃၇) | ပြည်ထွန်းကျော် | ကြည်း | ၆၈၃၀၂ |
| (၂၃၈) | ရဲမျိုးဆက် | ကြည်း | ၆၈၃၀၃ |
| (၂၃၉) | စိုးဖြိုးအောင် | ကြည်း | ၆၈၃၀၄ |
| (၂၄၀) | သက်နိုင်ဖြိုး | ကြည်း | ၆၈၃၀၅ |
| (၂၄၁) | မျိုးမင်းသူ | ကြည်း | ၆၈၃၀၆ |
| (၂၄၂) | ရဲရင့်အောင် | ကြည်း | ၆၈၃၀၇ |
| (၂၄၃) | ဟိန်းမင်းအောင် | ကြည်း | ၆၈၃၀၈ |
| (၂၄၄) | ကျော်စံအောင် | ကြည်း | ၆၈၃၀၉ |
| (၂၄၅) | သက်ခိုင်ဦး | ကြည်း | ၆၈၃၁၀ |
| (၂၄၆) | အောင်ကျော်ဇင် | ကြည်း | ၆၈၃၁၁ |
| (၂၄၇) | စိုးသီဟ | ကြည်း | ၆၈၃၁၂ |
| (၂၄၈) | ထက်နိုင်စိုး | ကြည်း | ၆၈၃၁၃ |
| (၂၄၉) | ဝင်းမြတ်သူ | ကြည်း | ၆၈၃၁၄ |
| (၂၅၀) | စောအောင် | ကြည်း | ၆၈၃၁၅ |
| (၂၅၁) | အုန်းကျော် | ကြည်း | ၆၈၃၁၆ |
| (၂၅၂) | အောင်ကောင်းမြတ် | ကြည်း | ၆၈၃၁၇ |
| (၂၅၃) | စိုင်းအောင်စိုး | ကြည်း | ၆၈၃၁၈ |
| (၂၅၄) | သန့်ဇင်မျိုးဟန် | ကြည်း | ၆၈၃၁၉ |
| (၂၅၅) | ရဲထွန်းမြတ် | ကြည်း | ၆၈၃၂၀ |
| (၂၅၆) | မြတ်ဝေလင်း | ကြည်း | ၆၈၃၂၁ |
| (၂၅၇) | အောင်ကိုကိုဇော် | ကြည်း | ၆၈၃၂၂ |
| (၂၅၈) | သွင်ဇော်အောင် | ကြည်း | ၆၈၃၂၃ |
| (၂၅၉) | ဖြိုးပြည့်အောင် | ကြည်း | ၆၈၃၂၄ |
| (၂၆၀) | အောင်ရဲကျော် | ကြည်း | ၆၈၃၂၅ |
| (၂၆၁) | နေမျိုးသူရ | ကြည်း | ၆၈၃၂၆ |
| (၂၆၂) | ဇေယျာ | ကြည်း | ၆၈၃၂၇ |
| (၂၆၃) | ညီရှင်းသန့် | ကြည်း | ၆၈၃၂၈ |
| (၂၆၄) | စိုးလင်းထွန်း | ကြည်း | ၆၈၃၂၉ |
| (၂၆၅) | ကျော်ဇောဟိန်း | ကြည်း | ၆၈၃၃၀ |
| (၂၆၆) | သန့်ဇင်လတ် | ကြည်း | ၆၈၃၃၁ |
| (၂၆၇) | ထက်မြက် | ကြည်း | ၆၈၃၃၂ |
| (၂၆၈) | ပြည့်သိဂ်ဏ်းထိုက် | ကြည်း | ၆၈၃၃၃ |
| (၂၆၉) | ကျော်စိုးလင်း | ကြည်း | ၆၈၃၃၄ |
| (၂၇၀) | မင်းနိုင်ဦး | ကြည်း | ၆၈၃၃၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်<br>( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက် ) | **သောကြာနေ့** |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၄</u>

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ**

**MYANMAR YANGON TOBACCO COMPANY LIMITED**

အစုရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ

၁။ **Myanmar Yangon Tobacco Company Limited** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၂-၃-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူး အစည်းအဝေးက ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ပွားစိန်အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့် ရရန်ရှိသည်များကို သက်သေပြစာရွက်စာတမ်း အထောက်အထား များနှင့်တကွ ၂၀၁၅ ခုနှစ်၊ ဧပြီလ (၃၀) ရက် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်၍ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးတင်ရွှေ
မန်နေးဂျင်းဒါရိုက်တာ
Myanmar Yangon Tobacco Company Limited

ဒေါ်ပွားစိန်
B.Com, C.P.A, D.B.L, Dip. IFR
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၈၃)၊ ၅ လွှာ၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ - ၅၁၁၅၈၂၉

## MINGALARBAR PLASTIC INDUSTRIES CO.,LTD

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါ၍ အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | - | ၂၂. ၄. ၂၀၁၅ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဒေါ်စန္ဒာအေး
(B.Com, C.P.A)
လက်မှတ်ရပြည်သူ့စာရင်းကိုင်
(စာရင်းစစ်)
အမှတ်-၂၃၊ အခန်း-၃၀၂၊ အင်ကြင်းလမ်း၊
၉၄-ရပ်ကွက်၊ ယုဇနဉယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

## COMPANY LIQUIDATION VOLUNTARY LIQUISATION OF NOBLE FURNITURE COMPANY LIMITED

In accordance with the NOBLE FURNITURE COMPANY LIMITED'S extra-ordinary annual general meeting resolution is passed at 20.2.2015 U LU NGWE (LL.B) Advocate is appointed as company's liquidator on that meeting.

The company's creditors standing as at 31.2.2015 balance sheet date is requested to submit their claims together with the supporting legal documents to the abovementioned liquidator not later than 27.4.2015.

DAW TIN TIN
Managing Director
NOBLE FURNITURE COMPANY LIMITED.
No.40, 6th Floor. 15th St, Lanmadaw Tsp,
Yangon.

U LU NGWE (LL.B)
Advocate
Company Liquidator
Building 21, Room 44, Pyae Yeik Mom
housing Kamayut Tsp, Yangon.
Ph: 01-535810

**Ever November Industry Company Limited**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**Ever November Industry Co.,Ltd** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ်-အက်စ်-၇၊ ဒုတိယထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ ဂျိုးဖြူလမ်း၊ ဖ. ဆ. ပ. လ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့၌ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ (၂၂. ၄. ၂၀၁၅)

ဒေါ်ချိုချိုတိုး

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Ever November Industry Company Limited

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ**

**CHANG YIN KHU CONSTRUCTION COMPANY LIMITED.**

၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေး ဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ CHANG YIN KHU CONSTRUCTION COMPANY LIMITED. ကို (၂၀. ၃. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များက ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Zakhon Yein Chang
Managing Director
Chang Yin Khu Construction Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

## CHANG YIN KHU DEVELOPMENT MINING COMPANY LIMITED.

၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေး ဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ CHANG YIN KHU DEVELOPMENT MINING COMPANY LIMITED. ကို (၂၀. ၃. ၂၀၁၅) ရက်နေ့မှ စ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Zakhon Yein Chang
Managing Director
Chang Yin Khu Development Mining Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

## CHANG YIN KHU DEVELOPMENT GEMS & JEWELLERY COMPANY LIMITED.

၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေး ဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ CHANG YIN KHU DEVELOPMENT GEMS & JEWELLERY COMPANY LIMITED. ကို (၂၀. ၃. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များက ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Zakhon Yein Chang
Managing Director
Chang Yin Khu Development
Gems & Jewellery Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ မြန်မာနဂါးအားမာန် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီ လီမိတက်

၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေး ဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ **မြန်မာနဂါးအားမာန် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (MYANMAR DRAGON POWER INTERNATIONAL COMPANY LIMITED.)** ကို (၂၀. ၃. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး အထက်တန်းရှေ့နေ (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Nang Om Kham
Managing Director
Myanmar Dragon Power International Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ) (၂၁၂၉၆)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကုမ္ပဏီဖျက်သိမ်းကြောင်း ကြော်ငြာ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း RAMA Consultants Co.,Ltd.

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ကျင်းပသော RAMA Consultants Co.,Ltd. အား ဖျက်သိမ်းခြင်းအတွက် ကုမ္ပဏီ၏ BOD အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ ဦးစိုးမင်း လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (B.Com, C.P.A) အား ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

ကုမ္ပဏီ၏ ရရန်ပေးရန်ရှိသည်များကို စာရင်းရှင်းလင်းပေးမည်ဖြစ်ပါသဖြင့် (၁) လအတွင်း ကုမ္ပဏီမှ တောင်းခံရန် ရှိသည်များကို လာရောက်ရှင်းလင်းတောင်းခံပါရန်နှင့် ပေးရန်ရှိသည်များကိုလည်း (၁) လအတွင်း လာရောက်ပေးသွင်းပါရန် ကြေညာအပ်ပါသည်။

စိုးမင်း
(B.Com, C.P.A)
လက်မှတ်ရပြည်သူ့စာရင်းကိုင်

## Eight Zero Eight Company Limited

ဖျက်သိမ်းရန် ကြေညာချက်

၁။ **Eight Zero Eight Co.,Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၃-၂၀၁၅) နေ့တွင် ကုမ္ပဏီရုံး၌ ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ချိုချိုတိုး နိုင်ငံသား မှတ်ပုံတင်အမှတ် [၁၂/မရက (နိုင်) ၀၇၀၈၅၃] ကိုခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၂၇. ၄. ၂၀၁၅) နေ့ နောက်ဆုံးထား၍ ဒေါ်ချိုချိုတိုး (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Kyaw Hein
Managing Director
Eight Zero Eight Co.,Ltd.

ဒေါ်ချိုချိုတိုး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဖူးပြည့်ခိုင် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**ဖူးပြည့်ခိုင် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (Phu Pyae Khaing Gems & Jewellery Co.,Ltd.)** ဒါရိုက်တာအဖွဲ့၏ (၁၉. ၃. ၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဖူးပြည့်ခိုင် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (Phu Pyae Khaing Gems & Jewellery Co.,Ltd.)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Nanda Maung Maung
Managing Director
Phu Pyae Khaing Gems & Jewellery Co.,Ltd.

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၂၇-၃-၂၀၁၅။